မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

*Burmese Christian Fellowship*


# †Newsletter - သတင်းလွှာ


*Enjoy free reading from B.C.F. ___ Volume 13 / Issue 7 / July /2020*




## လွတ်ခြင်းအခွင့်

ညီအစ်ကိုတို့၊ သင်တို့သည် လွတ်ခြင်းအခွင့်ကိုရသောသူ ဖြစ်၏။

သို့သော်လည်း ဇာတိပကတိ အားအခွင့်ကိုပေး၍၊ ထိုလွတ်ခြင်းကို မသုံးကြနှင့်။

အချင်းချင်းချစ်၍ အမှုချင်းကို ဆောင်ရွက်ကြ လော့။ ---- ခရစ်တော်သည် ငါတို့ကို

လွတ်တော်မူသောလွတ်ခြင်းအခွင့်၌ တည်နေသဖြင့်၊ ကျွန်ခံရာထမ်းဘိုးကိုထမ်း၍

ချည်နှောင်ခြင်းကို တဖန်မခံကြနှင့်။

ဂလာတိ၊၅း၁။ ၅း၁၃။

## VIRTUAL CHURCH SERVICE

***Watch at home!***



***BCF online Worship Service is available***

***at bcfla.org***

***Starting at 2:00PM every Sunday.***

***To watch previous Virtual Sunday Service select image gallery tab.***

**BCF Worship Service will only be available online until further notice!**

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ALL HEALTHCARE WORKERS




***We appreciate and thank you for***

***all your hard works***

***in the time of Corona Virus Pandemic.***

***In Christ,***
***BCF***

# ရွေးနှုတ်ခြင်းမှ - ထာဝရဘုန်းအသရေတော်သို့

**ယေရှုခရစ်တော်သည်**
**ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊**
**စီရင်ပိုင်သောအခွင့်တန်ခိုး ရှိသမျှတို့ကို ခံရပြီ။**
**မဿဲ၊ ၂၈း၁၈ ၊ Matthew 28:18**

Easter Sunday သည် "သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်ပြီ " ဆိုထားသည့် ...... ကျမ်းစာ၌လာချက်အတိုင်း ပြီးပြည့်စုံသော ယေရှုခရစ်တော်၏သေခြင်းမာရ်ကို အောင်မြင်ရာနေ့ ဖြစ်သည်။ ဤသို့ ရှင်ပြန်ထမြောက်တော်မူရခြင်းကား၊ အချည်းနှီးသော ထင်ပေါ်ကျော်ကြားမှုကို ရယူရန် မဟုတ်ဘဲ၊ မိမိ၌ရှိသော ဘုရားဇာတိသဘောကို ပေါ်လွင်စေခြင်း၊ ဘုရားသခင်၏ အကြံ အစည်တော် အတိုင်း ကြိုတင်ဟောပြောချက်များ ပြီးပြည့်စုံဖို့ ဖြစ်သည်။

ယေရှုခရစ်တော်သည် အမျိုးမျိုးသော နှိပ်စက်ခြင်းဖြင့် ဒုက္ခဆင်းရဲခံရသည်အမှုမှာ လူတို့၏မိုက်မဲခြင်း၊ မနာလိုမုန်းတီးခြင်း၊ ဘုရားသခင်ကိုမထီမဲ့မြင်ပြုခြင်း၊ များတို့၏ အဆုံးစွန် လုပ်ရပ် ဖြစ်သည်။ ခရစ်တော်သည် ရိုက်နှက်၊ ပြစ်တင်၊ ကဲ့ရဲ့ခြင်းကို မည်သို့မျှ ပြန်လည်ခုခံ ခြင်းကို မပြုဘဲ၊ သတ်ဖို့ရန် သွားသော သိုးသူငယ် ကဲ့သို့ မိမိကိုယ်ကို အပ်နှံခြင်းဖြင့် အသေခံ တော်မူပြီး၊ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူခြင်းသည် အလွန်နက်နဲသော အရာ ဖြစ်၍ လူ့ညာဏ်ဖြင့် မမှီနိုင်ပါ။ သုံးနှစ်ပတ်လုံး ခရစ်တော်နှင့်အတူ သွား၊ လာ၊ နေထိုင်၊ စားသောက်လျက် ရှိနေသူ တပည့်တော်များပင် မယုံနိုင်အောင် ဖြစ်ခဲ့ကြပါသည်။


သေခြင်းကို အောင်မြင်၍ ရှင်ပြန်ပြီးသည့်တိုင် လက်ခြေ၊ နံဘေး၊ ခေါင်းတော်မှ ဒဏ်ချက် တော်အမှတ်များ မပျောက်ပျက်ဘဲ အဆုံးထိအောင်ခံယူခြင်းသည် လူသားအပေါင်းတို့ကို ဒုစရိုက် အပြစ်မှ ကယ်နှုတ်ရန် (သို့) အပြစ်သားများကို ရွေးယူရန် မည်ကဲ့သို့ မိမိ၏ အသက်တော်စွန့်ခဲ့ရ ကြောင်း၊ အဆုံးတိုင်အောင် အဘခမည်းတော်၏အလိုတော်ကို အမှုပြီးစီးသည့်တိုင် လုပ်ဆောင်ခဲ့ ကြောင်းသက်သေဖြစ်သည်။ ထို့ကြောင့်၊ တမန်တော်ကြီးရှင်ပေါလုက ကျွန်ုပ်တို့လူသားများသည် ကိုယ်တော်အဘိုးပေး၍ရွေးယူထားသောသူများ ဖြစ်ကြသည်ဟု ပြောထားသည်။

**သစ်တိုင်၌ဆွဲထားခြင်းကို ခံရသောသူတိုင်း**
**ကျိန်ခြင်းကိုခံရသောသူဖြစ်သည်ဟု ကျမ်းစာလာသည်နှင့် အညီ၊**
**ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူ ဖြစ်၍၊**
**ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနှုတ်တော်မူပြီ။**
**ဂလာတိ၊၃း၁၃** ၊ Galation 3:13

**မိစ္ဆာဆက်ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊**
**ရွှေငွေအစရှိသော ဖောက်ပြန်ပျက်ဆီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည် မဟုတ်။**
**အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော**
**ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့။**
**၁ပေ၊၁း၁၈–၁၉** ၊ 1 Peter 1:18-19

ကျွန်ုပ်တို့သည် ဘုရားသခင်ကို ထောက်လျက် ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ရှိစေခြင်းငှါ ယေရှုခရစ်တော်ကို ဘုရားသခင်သည် သေခြင်းမှထမြောက်စေ၍ ဘုန်းအသရေကို ပေးသနား တော်မူ၏။ ခပ်သိမ်းသော ကျေးဇူးကိုပြုတော်မူသော ဘုရားသခင်သည် ခရစ်တော်အားဖြင့် ယုံကြည်သူများဖြစ်သောကျွန်ုပ်တို့ကို ထာဝရဘုန်းအသရေတော်သို့ခေါ်သွင်း၍ စုံလင်တည်ကြည် ခိုင်ခံ့မြဲမြံစေတော်မူ၏။ ဤသည်ကား ရေးမဆွကပင် ဘုရားသခင်၏မေတ္တာတော်ဖြင့် စီစဉ်ထား သော နက်နဲသည့် အကြံအစည်တော် ဖြစ်သည်။

**ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော**
**ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။**
**ဖေ၊၁း၇** ၊ Ephesians 1:7




ခရစ်တော်သည် ရန်သူ့လက်တွင် အပ်နှံလျက် ဒုက္ခခံတော်မူခြင်းသည် ဤလောက၌ အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည် အကြောင်း ဖြစ်သည်။ သေခြင်းကိုအောင်မြင်တော်မူခြင်းသည် သစ္စာတည်သောယုံကြည်သူရှိသမျှတို့အတွက် ထာဝရအောင်မြင်မည့်အကြောင်း မြော်လင့်ချက် ဖြစ်၏။ ကျွန်ုပ်တို့သည် အကျိုးမဲ့မယုံဘဲ စိတ်စွဲ လန်းလျှင်၊ ထိုဧဝံဂေလိတရားတော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ရ၏။

ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍၊ မိမိခမည်းတော် ဘုရားသခင့် ရှေ့၌ ငါတို့ကို ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း၊ ခန့်ထားတော်မူ သောသူသည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိ၊ ရှိတော်မူစေသတည်း။ အာမင်။ ဗျာဒိတ်ကျမ်း၊၁း၆ ၊ **Revation 1:16**

# ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရောက်ဖို့ရန် –

သခင်ယေရှုက ငါအမှန်ဆိုသည်ကား၊...

**ခမည်းတော်၏အလိုကိုဆောင်ခြင်း၊–**

သခင်၊ သခင် ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူ သာလျှင် ဝင်ရလိမ့်မည်။ မဿဲ၊၇း၂၁

**ဒုတိယမွေးခြင်း၊ –**

"ဒုတိယမွေးခြင်းကို မခံသောသူ မည်သည်ကား၊ ဘုရာသခင်၏နိုင်ငံတော်ကို မမြင်ရ။"

"ရေနှင့်ဝိညာဉ်တော် မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရ။"

**ပြောင်းလဲခြင်း၊ –**

သင်တို့သည်ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက် ရကြ။ မဿဲ၊၁၈း၃

ငွေရတတ်သောသူသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ခဲလှ၏။ မဿဲ၊၁၉း၂၃

**ဆေးကြောသန့်ရှင်းခြင်း၊–**

မတရားသော သူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရ ။ ၁ကော၊၆း၉–၁၁

- မတရား သောမေထုန်၌မှီဝဲသောသူ၊
- ရုပ်တုကိုးကွယ်သောသူ၊
- သူ့မယားကိုပြစ်မှားသောသူ၊
- ယောက်ျားခြင်းမေထုန်ကို ပြုသောသူ၊
- ထိုအမှုကိုခံသောသူ၊
- သူ့ဥစ္စာကိုခိုးသောသူ၊
- လောဘလွန်ကျူးသောသူ၊
- သေရည်သေရက်နှင့်ယစ်မူး သောသူ၊
- ဆဲရေးကဲ့ရဲ့သောသူ၊
- အနိုင်အထက်လုယူသောသူ၊

တို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြ။

ငါပညတ်သည်ကား၊– ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။
ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။

အကြောင်းမူကား၊– ဇာတိပကတိနှင့်ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါးဆန့်ကျင့်ဘက် ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သော အကျင့်ကို မကျင့်နိုင်ကြ။

- **ဇာတိပကတိ မွေးသောအရာသည် ဇာတိပကတိဖြစ်၏။**
- **ဝိညာဉ်တော် မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ယော၊ ၃း ၃၊ ၅–၆**

**ဇာတိပကတိအကျင့်တို့မူကား၊ ...**

- သူ့မယားကို ပြစ်မှားခြင်း၊
- မတရားသော မေထုန်၌မှီဝဲခြင်း၊
- ညစ်ညူးစွာကျင့်ခြင်း၊
- ကိလေသာလွန်ကျူးခြင်း၊
- ရုပ်တုကိုကိုးကွယ်ခြင်း၊
- သူတပါးကိုပြုစားခြင်း၊
- ရန်ငြိုးဖွဲ့ခြင်း၊
- ရန်တွေ့ခြင်း၊
- ဂုဏ်ပြိုင်ခြင်း၊
- အမျက်ထွက်ခြင်း၊
- ငြင်းခုံခြင်း၊
- အချင်းချင်းကွဲပြားခြင်း၊
- သင်းခွဲခြင်း၊
- သူ့အကျိုးကိုငြူစူခြင်း၊
- လူအသက်ကိုသတ်ခြင်း။၊
- ယစ်မျိုးကိုသောက်ကြူးခြင်း၊
- ပွဲလုပ်ခြင်း၊ ... စသည်တို့ ဖြစ်ကြ၏။

ဂလာတိ၊ ၅း၁၉–၂၁

**ဝိညာဉ် ပကတိ၏အကျိုးမူကား၊ ...**

- ချစ်ခြင်း၊
- ဝမ်းမြောက်ခြင်း၊
- ငြိမ်သက်ခြင်း၊
- စိတ်ရှည်ခြင်း၊
- ကျေးဇူးပြုခြင်း၊
- ကောင်းမြတ်ခြင်း၊
- သစ္စာစောင့်ခြင်း၊
- နူးညံ့သိမ်မွေ့ခြင်း၊
- ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။
- ဝိညာဉ်ပကတိ အကျင့်ကို အဘယ်တရားမျှ မမြစ်တား။
- ဇာတိပကတိ အကျင့်ကို ကျင့်သော သူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရ။

ဂလာတိ၊ ၅း၂၁၊၂၃

---